NSW GOVERNMENT

# What do I need to know if I want to appeal a suspension or expulsion?

**Parent/carer information**

# ကျောင်းတက်ခွင့် ဆိုင်းငံ့ခြင်း (သို့မဟုတ်) ကျောင်းထုတ်ခြင်းနှင့်ပတ်သက်၍ အယူခံဝင်လိုလျှင် သိရှိထားရမည့် အချက်များ

## မိဘ/အုပ်ထိန်းသူများ၏ အချက်အလက်များ

### အယူခံဝင်ခြင်းဆိုသည်မှာ အဘယ်နည်း။

အယူခံဝင်ခြင်းဆိုသည်မှာ ဆုံးဖြတ်ချက်တစ်ခုအား ထပ်မံစစ်ဆေးကြည့်ရှုရန် တောင်းဆိုခြင်းဖြစ်သည်။ ဆုံးဖြတ်ချက်တစ်ခုကို သင်မကျေနပ်သောကြောင့် ဤသို့အယူခံဝင်ရခြင်းဖြစ်ပါသည်။

### ကျောင်းတက်ခွင့်မှဆိုင်းငံ့ခြင်း (သို့မဟုတ်) ကျောင်းထုတ်ခြင်းအား ကျွန်ုပ် မည်သို့ အယူခံဝင်မည်နည်း။

ကျောင်းအုပ်ကြီးက မတရားသည့် ဆုံးဖြတ်ချက်ကို ချမှတ်သည် သို့မဟုတ် လုပ်ထုံးလုပ်နည်းများကို မှန်မှန်ကန်ကန် လိုက်နာမှုမရှိဟု ယုံကြည်ပါက ကျောင်းသားများ၊ မိဘများနှင့် အုပ်ထိန်းသူများသည် အောက်ပါဝက်ဘ်ဆိုက်လင့်ခ်တွင် ဖော်ပြထားသည့် အယူခံလွှာကို ဖြည့်စွက်နိုင်သည်။

ဒေသန္တရ ပညာရေးရုံးသို့ အယူခံဝင်နိုင်သည်။ ဒေသန္တရပညာရေးရုံးက ၎င်းတို့၏ အစီအစဉ်ကို နားလည်အောင် ကူညီပေးနိုင်သည်။ ၎င်းတို့သည် သင့်အား အယူခံလွှာရေးရာတွင်လည်း ကူညီပေးနိုင်သည်။ သင့်ကလေး၏ကျောင်းက သင့်ဒေသပညာရေးရုံး ကိုဆက်သွယ်ရန်အချက်အလက်ကို ပေးနိုင်သည်။

အယူခံတင်ထားသည့် ဆုံးဖြတ်ချက်ကို ချမှတ်ရန် ကျောင်းဖွင့်ရက် ၁၅ ရက်မှ ၂၀ ရက်ကြား ကြာမြင့်မည်ဖြစ်ပြီး ဒါရိုက်တာ၊ ပညာရေးဆိုင်ရာခေါင်းဆောင် (သို့မဟုတ်) အမှုဆောင်ဒါရိုက်တာ၊ ကျောင်း၏လုပ်ဆောင်ချက်များက ဆုံးဖြတ်မည်ဖြစ်သည်။ အယူခံတင်ပြီး ဆုံးဖြတ်ချက်ချသောအခါတွင် သင့်ကို ဆက်သွယ်မည်။ အကြောင်းအရာများ ထပ်မံသိရှိလိုပါက အယူခံတင်သွင်းသည့် ဒေသန္တရ ပညာရေးရုံးသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

### ကျောင်းတက်ခွင့်မှဆိုင်းငံ့ခြင်းအား အယူခံတင်ခြင်းရလဒ်။

ကျောင်းတက်ခွင့်မှ ဆိုင်းငံ့ထားခြင်းအပေါ် အယူခံတင်ခြင်းကို လက်ခံမှုရခဲ့ပါက၊ ဆုံးဖြတ်ချက်ချသူက သင့်တောင်းဆိုချက်ကို သဘောတူပါက၊ ကျောင်း အုပ်ကြီး က သင့် ကလေး အား ကျောင်း အမြန်ဆုံး ပြန် တက် ဖို့ ဆက်သွယ်မည်။ အယူခံဆုံးဖြတ်ချက်ကို သင့်ကလေး၏မှတ်တမ်းများတွင် မှတ်သားမည်ဖြစ်ပြီး ကျောင်းတက်ခွင့်မှဆိုင်းငံ့ခြင်းကို သင့်ကလေး၏မှတ်တမ်းမှ ဖယ်ရှားပေးမည်ဖြစ်သည်။

ကျောင်းတက်ခွင့်မှ ဆိုင်းငံ့ထားခြင်းအပေါ် အယူခံတင်ခြင်းကို မထောက်ခံပါက၊ လက်ခံမှုမရှိပါက၊ ဆုံးဖြတ်ချက်ချသူက သင့်တောင်းဆိုချက်ကို သဘောမတူပါက သင့်ကလေးအားသတ်မှတ်ထားသည့်နေ့အထိ ကျောင်းတက်ခွင့်မှဆိုင်းငံ့ထားမည်ဖြစ်သည်။

### ကျောင်းထုတ်ခြင်းအား အယူခံတင်ခြင်းရလဒ်။

ကျောင်းထုတ်ခြင်းအပေါ် အယူခံတင်ခြင်းကို လက်ခံမှုရခဲ့ပါက၊ ဆုံးဖြတ်ချက်ချသူက သင့်တောင်းဆိုချက်ကို သဘောတူပါက၊သင့်ကလေး ကျောင်းပြန်တက်နိုင်စေရန်အတွက် ကျောင်းအုပ်ကြီးသည် သင်နှင့်အတူ လက်တွဲလုပ်ဆောင်ရန် လိုအပ်ပါသည်။ အယူခံ ဆုံးဖြတ်ချက်ကို သင့်ကလေး၏မှတ်တမ်းများတွင် မှတ်သားမည်ဖြစ်ပြီး ကျောင်းထုတ်ပယ်ခြင်းကို သင့်ကလေး ၏ မှတ်တန်းမှ ဖယ်ရှား ပေး မည်ဖြစ်သည်။

ကျောင်းထုတ်ခြင်းအပေါ် အယူခံတင်ခြင်းကို လက်ခံမှုမရှိလျှင်နှင့် ဆုံးဖြတ်ချက်ချသူက သင့်တောင်းဆိုချက်ကို သဘောမတူလျှင် သင့်ကလေးအတွက် အခြားရွေးချယ်စရာ အများအပြား ရှိနိုင်သည်။ သင့်ကလေး၏ လိုအပ်ချက်နှင့် ပိုမိုကိုက်ညီမည့် အခြားအစီအစဉ်များကို စီစဉ်ဆောင်ရွက်ရာတွင် သင်နှင့်အတူ လက်တွဲလုပ်ဆောင်မည် ဖြစ်သည်။

သင့်ကလေးသည် အသက် ၁၇ နှစ်ကျော်ပြီး ကျောင်းထုတ်ခြင်းအပေါ် အယူခံတင်ခြင်း မအောင်မြင်ပါက သင်နှင့် သင့်ကလေးသည် အခြားတနေရာတွင် ကျောင်းဆက်တက် ရန်ဖြစ်စေ၊ အလုပ်အကိုင် ရှာဖွေရန်ဖြစ်စေ စဉ်းစား သင့်သည်။

### ကျောင်းထံမှ သင်ရရှိနိုင်သည့် အချက်အလက်များ

သင့်အနေဖြင့် ဖြစ်စဉ်နှင့် ဖြစ်ပျက်ရသည့် အကြောင်းအရင်းနှင့်ဆိုင်သောနောက်ထပ် အချက်အလက်များကို ကျောင်းထံမှ တောင်းခံနိုင်သည်။ ကျောင်းက ဆုံးဖြတ်ချက် မှန်သမျှအတွက် အကြောင်းပြချက်များ၊ ဖြစ်ပျက်လာမည့် အရေးယူမှုများနှင့် သင့်တွင် ပြဿနာရှိနေပါက လုပ်ဆောင်ရမည့် အချက်များကို သင့်အား ရှင်းပြမည် ဖြစ်သည်။

### တိုင်ကြားချက်ကို မည်သို့ပြုလုပ်ရမည်နည်း။

ကျောင်းထုတ်ခြင်း နှင့် ကျောင်း လုပ်ဆောင်ချက်များကို  စိုးရိမ် မကင်းဖြစ်နေပါက သင့်ကလေး အတွက် ထောက်ကူ ပေးခြင်း ဆိုင်ရာ အချက်အလက်များကို ရရှိနိုင်ပါသည်။ တိုင်ကြားချက်ပြုလုပ်ခြင်း ဆိုင်ရာ အချက်အလက်ကို ရရှိနိုင်သည်။

ကျောင်းများနှင့် ဆက်သွယ်ရမည့် အချက်အလက်များကို ကျောင်းအဖွဲ့အစည်းဆိုင်ရာ ပဒ္ဒိညာဉ်စာချုပ် တွင် ဖော်ပြထားသည်။

### တယ်လီဖုန်း စကားပြန် ဂန်ဆောင်မှု။

သင်သည်ကျောင်းကိုဆက်သွယ်ရန်ဆန္ဒရှိပြီး အင်္ဂလိပ်လို ပြောဆိုရန် အကူအညီလိုအပ်ပါကတယ်လီဖုန်း စကားပြန်ဝန်ဆောင်မှု 131 450 ကိုခေါ်ဆိုပါ၊ သင်ပြောဆိုရန်လိုအပ်သည့်ဘာသာစကားကိုပြောပြပြီး အော်ပရေတာအား ကျောင်းသို့ ဖုန်းဆက်ခိုင်းပါ။ အော်ပရေတာသည် သင့်စကားပြောဆိုမှုကို ကူညီပေးရန် လိုင်းပေါ်တွင် စကားပြန်တစ်ဦးကို ခေါ်ပေးမည်။ ဤဝန်ဆောင်မှုအတွက် သင့်အား အဖိုးအခ ကောက်ခံမည် မဟုတ်ပါ။